ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ကယားပြည်နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)



ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၆ - ၂၀၁၇

Village Development Plan (VDP)

စောလုံကျေးရွာ၊ စောလုံကျေးရွာအုပ်စု၊ ဘောလခဲမြို့နယ်

## မာတိကာ

၁။ ဘောလခဲ မြို့နယ်မြေပုံ

၂။ စောလုံ ကျေးရွာမြေပုံ

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)


၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။ ဘောလခဲ မြို့နယ်မြေပုံ



## ၂။ စောလုံ ကျေးရွာမြေပုံ




## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု အရေအတွက် | လူဦးရေစာရင်း | | |
|---|---|---|---|---|---|
| | | | ကျ | မ | ပေါင်း |
| ၁ | စောလုံ | ၁၇ | ၂၉ | ၃၅ | ၆၄ |
| ၂ | ပောက်ခမ်း | ၃၃ | ၅၃ | ၄၄ | ၉၇ |
| ၃ | လွယ်ဝိန်း | ၂၆ | ၅၄ | ၅၀ | ၁၀၄ |
| | **စုစုပေါင်း** | **၇၆** | **၁၃၆** | **၁၂၉** | **၂၆၅** |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

စောလုံကျေးရွာ သည် ကယားပြည်နယ်၏အနောက်မြောက်ဘက်တွင်တည်ရှိပြီး ဘောလခဲမြို့၏ အရှေ့မြောက်ဘက် (၁၃) မိုင်ခန့်အကွာတွင်တည်ရှိပါသည်။ စောလုံကျေးရွာသည် ယခင်ကအိမ်ခြေ (၃၀၀၀) ကျော်ခန့်ရှိသော ကန္တရဝတီစော်ဘွားများ၏ ဟော်နန်းစိုက်ရာမြို့ကြီးဖြစ်ခဲ့ပါသည်။ဟော်နန်းတည်ရာနေရာမှာ ယခုဆေးပေးခန်း နှင့်ရေကန်တည်ရာနေရာတွင် တည်ရှိခဲ့ပါသည်။ ယခင်ကစော်ဘွားများနေထိုင်ရာနေရာဖြစ်ပြီး ကန္တရဝတီတိုင်း၏ မြို့တော်ဖြစ်ခဲ့သည်ကို သမိုင်းအထောက်အထားများဖြစ်သော ယခုစောလုံဘုန်းကြီး ကျောင်းဝန်းရှိ စေတီတော်နှင့်ခေါင်းလောင်း တွင်ရေးထိုးထားသော ခေါင်းလောင်းစာများအရလည်း သိနိုင် ပါသည်။

ထို့အပြင် စောလုံကျေးရွာအပြင်ဘက်ရှိ ဒုတိယကမ္ဘာစစ် ဖြစ်သည့်အချိန်ခန့်တွင် တည်ဆောက် ထားသည့် ကျောက်စီခံတပ်များကိုလည်း ယနေ့တိုင်တွေ့နိုင်ပါသည်။ ထို့နောက်ပိုင်းတွင် စစ်ဘေးရှောင်တိမ်း ရင်းဖြင့် တဖြည်းဖြည်း အိမ်ခြေများမရှိတော့သည်အထိဖြစ်ခဲ့ပါသည်။ စစ်ဘေးရန်ငြိမ်းသည့်အခါမှသာ စော်ဘွား တို့၏ဆွေတော်မျိုးတော်တော်စပ်သောသူတို့မှ မိမိနေရပ်ကို ချစ်မြတ်နိုးခင်တွယ်စိတ်များဖြစ်ပြီး ပြန်လည် လာရောက်စိုက်ပျိုးရင်း နေထိုင်ရာမှ စော်ဘွားစဝ်ဖျာဒူ စောလဖော် အားအထွဋ်အမြတ်ထားသောကြောင့် ကျေးရွာအမည်အား စောလုံဟုမှည့်ခေါ်ခဲ့ကြသည်။ စောလုံဆိုသည်မှာ စောဝ်လုံ ဟူသောအမည်မှ ဆင်းသက်ခဲ့ခြင်းဖြစ်သည်။ စောဝ်လုံ ဆိုသည်မှာ ရှမ်းဘာသာအရ စော်ဘွားဖြစ်ပြီး စောဝ်လုံရေးရာမှ ယခု စောလုံဟုခေါ်တွင်ခဲ့ခြင်းဖြစ်ပါသည်။

စစ်အစိုးရ၏ ဖြတ်လေးဖြတ် စနစ်အပြီး ထိုနေရာတွင် အိမ်ခြေ (၃) အိမ်ဖြင့်သာ ပြန်လည်တည်ထောင် ခဲ့ကြသည်။ယခင်ကဟော်နန်းစိုက်ရာမြို့တော်ကြီးဖြစ်ခဲ့ဖူးသော်လည်းယခုအခါလမ်းပန်းဆက်သွယ် ရေးခက်ခဲ ခြင်းကြောင့်လည်းကောင်း၊အိမ်ခြေနည်းလွန်းသောကြောင့် လည်းကောင်းကျေးရွာသာဖြစ်ခဲ့ရသည်။ ထို့ကြောင့်စောလုံကျေးရွာ ဟုသာယနေ့တိုင်ခေါ်တွင်ခဲ့ခြင်းဖြစ်သည်။ယခုအခါ စောလုံကျေးရွာသည် အိမ်ခြေ (၁၆)အိမ်ခန့်ရှိနေပြီဖြစ်သည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်း အရာ | ရက်စွဲ | ဦးတည် အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပေါင်း | |
| ၁ | လူမှုရေး အရင်း အမြစ်ပြမြေပုံ | ၂၇.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၃၇ | ၂၇ | ၆၄ | ကျေးရွာအတွင်းရှိ အိမ်ခြေ များ၊ လက်ရှိ သဘာဝအရင်းအမြစ်များ အား အသုံးချမှု အခြေအနေများ နှင့် သဘာဝဘေး အန္တရာယ်များအား ဖော်ထုတ်ခြင်း။ |
| ၂ | ဥစ္စာနေကြွယ်ဝမှု အဆင့် သတ်မှတ်ခြင်း | ၂၇.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၃၇ | ၂၇ | ၆၄ | ကျေးရွာအတွင်းရှိ မိသားစုများ၏ ပိုင်ဆိုင်မှု စံနှုန်းများသတ်မှတ်ကာ စံနှုန်း အပေါ်အခြေခံပြီး လူနေမှု အဆင့်အတန်း များသတ်မှတ်ခြင်း။ |
| ၃ | ကျား-မရေးရာ | ၂၇.၁.၁၇ | အမျိုးသမီး၊ | ၃၇ | ၂၇ | ၆၄ | ကျေးရွာနယ်နမိတ်အတွင်းရှိ သဘာဝ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | ကဏ္ဍ # ၁<br>ပိုင်ဆိုင်မှု<br>သုံးသပ်ခြင်း | | အမျိုးသား၊<br>စေတနာ့<br>ဝန်ထမ်း | | | | အရင်းအမြစ်များအပေါ် အမျိုးသမီးများ နှင့်အမျိုးသားများ၏ သုံးစွဲမှုနှင့် ထိန်းချုပ်မှုများအား ဖော်ထုတ်ခြင်း |
| ၄ | ကျား-မ ရေးရာ<br>ကဏ္ဍ # ၂<br>(ပင့်ကူအိမ်) | ၂၇.၁.၁၇ | အမျိုးသမီး၊<br>အမျိုးသား၊<br>စေတနာ့<br>ဝန်ထမ်း | ၃၇ | ၂၇ | ၆၄ | အမျိုးသား၊ အမျိုးသမီးများ၏ ရရှိသော အခွင့်အရေးများအား နှိုင်းယှဉ်ပြီး မှတ်တမ်းတင်ခြင်း။ |
| ၅ | ရာသီခွင်ပြ<br>ပြက္ခဒိန် | ၂၇.၁.၁၇ | အမျိုးသမီး၊<br>အမျိုးသား၊<br>စေတနာ့<br>ဝန်ထမ်း | ၃၇ | ၂၇ | ၆၄ | ကျေးရွာအတွင်းရှိ မိသားစုများ၏ ရာသီအလိုက် ဆောင်ရွက်သော လုပ်ငန်းများ၊ ပွဲလန်းသဘင်များ၊ ရိုးရာဓလေ့များ၊ နှင့် အားလပ်မည့် ရာသီများအား ဖော်ထုတ်ခြင်း။ |
| ၆ | အဖွဲ့အစည်းများ<br>ချိတ်ဆက်မှုပြ<br>ဗင်းပုံစံ | ၂၇.၁.၁၇ | အမျိုးသမီး၊<br>အမျိုးသား၊<br>စေတနာ့<br>ဝန်ထမ်း | ၃၇ | ၂၇ | ၆၄ | ကျေးရွာအတွင်းနှင့်ပြင်ပရှိ အဖွဲ့အစည်းများ၏ ချိတ်ဆက်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ နှင့် အကျိုးဆက်များအား ဖော်ထုတ်ခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (က) လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ




စောလုံကျေးရွာလူမှုရေးအရင်းအမြစ်ပြမြေပုံအရ စောလုံကျေးရွာသည် ဘောလခဲမြို့နယ်၏အရှေ့မြောက်ဘက် (၈)မိုင်ခန့် အကွာတွင်တည်ရှိသောကျေးရွာ ဖြစ်ပါသည်။အများစုမှာ တောင်ယာလုပ်ငန်းကို လုပ်ကိုင်ကြပြီး ကျေးရွာအနီးတွင်စီဆင်းနေသောပွန်ချောင်းကိုမှီကာတံငါ လုပ်ငန်းကိုလည်း လုပ်ကိုင်ကြပါသည်။ပွန်ချောင်း သည်ကျေးရွာ၏ အနောက်ဘက်တွင်ရှိပြီး အဓိက ရေထွက်ပေါက် (၂)ပါက်လည်းရှိပါသည်။


ကျေးရွာတွင် ကွမ်းရွက်၊ကွမ်းသီး ပင် ၊ငှက်ပျောတို့ကို ဥယျာဉ်ခြံ၌စိုက်ပျိုးကြပါသည်။ တောင်ယာခြံတွင် မုန့်နှမ်းတစ်မျိုးတည်းကိုသာ စိုက်ပျိုးပါသည်။ ကျေးလက်ဆေးပေးခန်း၊ မူလတန်းကျောင်း ၊ရေလှောင်ကန် (၂)ကန်နှင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် အထောက်အကူဖြစ်စေသောမျိုးစေ့ဘဏ်လည်းရှိပါသည်။ကျေးရွာ ပတ်လည် တောင်တန်းများ ဝန်းရံကာနေပါသည်။

ကျေးရွာအပြင်ဘက်တွင် လယ်ကွင်းများရှိသော်လည်း စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိတော့သဖြင့် လယ်ရိုင်းများအဖြစ်သာရှိနေတော့သည်။ အချို့လယ်များကိုမူတောင်ယာခင်းအဖြစ် စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ သစ် ၊ ဝါးခုတ်ခြင်းလုပ်ငန်းများကိုလည်း အလုပ်ပါးသည့်ကာလတွင် တစ်နိုင်တစ်ပိုင် လုပ်ကိုင်ကြပါသည်။ရွာအဝင်

နတ်ကွန်း နှင့် ရွာ၏ပတ်ဝန်းကျင်တွင်လည်း နတ်ကွန်ငယ်(၄) စင် ခန့်ရှိပါသည်။ရွာလယ် ဘုန်းကြီးကျောင်းဝန်းတွင်ရှေးဟောင်းသမိုင်းဝင် စေတီ နှင့် ခေါင်းလောင်းကြီး ရှိပါသည်။ရွာအနီး သစ်တောတွင်ကျောက်တောင်ရှိသဖြင့် ဒေသထွက် ကျောက်များလည်းရှိပါသည်။


မွေးမြူရေးလုပ်ငန်းအနေဖြင့် ကြက်၊ ဝက်၊ နွား များကို မိမိတို့အိမ်ထောင်စုအလိုက်တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ ရွာတွင်း အမျိုးသားများသည် တောင်ယာလုပ်ငန်း ပါးချိန်များတွင် တောတွင်း သို့ အုပ်စုလိုက် အမဲလိုက်ထွက်လေ့ရှိကြပါသည်။


### (ခ) ဥစ္စာဓနကြွယ်ဝမှု အဆင့်သုံးသပ်ခြင်း



ဥစ္စာဓန ကြွယ်ဝမှု အဆင့်သတ်မှတ်ကြရာတွင် ကျေးရွာတွင် အဆင်မပြေသည့်အိမ်ထောင်စုအနည်းငယ်ရှိသည်။ စောလုံကျေးရွာတွင် ထိုသို့ ဥစ္စာဓန ကြွယ်ဝမှုအဆင့် သတ်မှတ်ကြရာ အဆင့် (၄) ဆင့်ရှိပါသည်။ ပထမအဆင့် အနေဖြင့် (၂၈.၄ %)ရှိပြီး ဒုတိယအဆင့်တွင် (၅၁%)ရှိပါသည်။ တတိယအဆင့်တွင် (၂၂.၄%) ရှိပြီးစတုတ္ထအဆင့်တွင် (၆.၁%)သည် အဆင်မပြေသည့်အိမ်ထောင်စုများဖြစ်သည်။ ထို့ကြောင့် စောလုံကျေးရွာရှိ အိမ်ထောင်စုများသည် သာမန်လူတန်းစားများအဖြစ် သတ်မှတ်နိုင်ပြီး ရာခိုင်နှုန်းအားဖြင့် (၇၃.၄% ) ရှိပါသည်။ ထိုသို့မပြေလည်ကြသည့် အကြောင်းအရင်းမှာ ကျေးရွာတွင် အမျိုးသမီးအများစုတို့သည် အိမ်မှုကိစ္စ နှင့် ကလေးထိန်းခြင်းအလုပ်တို့တွင်သာအချိန်ကုန်နေကြရပြီး အမျိုးသားများသာ အိမ်ထောင်ဝင်ငွေကိုရှာကြပါသည်။


(ဂ) ကျား-မရေးရာ ကဏ္ဍ # ၁ (ပိုင်ဆိုင်မှု သုံးသပ်ခြင်း)



စောလုံကျေးရွာတွင် ရှိသော တိုင်ခွန်တိုင် နှင့် ကျောက်ခွဲခြင်းကို အမျိုးသားများသာထိန်းချုပ်ထားပြီး ကိုယ်တိုင်သုံးစွဲကြသည်။ တောင်ယာ၊လယ်၊ရေ၊သစ်တော၊စာသင်ကျောင်း၊ဆေးပေးခန်း၊စာကြည့်တိုက်၊ ငါးမွေး ကန်နှင့်ဥယျာဉ်ခြံတို့ကို အမျိုးသား အမျိုးသမီးတို့ အတူတူသုံးစွဲကာ အတူတူ ထိန်းချုပ်ကြပါသည်။ စောလုံ ကျေးရွာတွင် အမျိုးသမီးသာသုံးစွဲ ထိန်းချုပ်သောအရင်းအမြစ်ဟူ၍မရှိပါ။ထို့ကြောင့် ဟော်ခမ်းကျေးရွာ သူရွာသားများသည် အမျိုးသား အမျိုးသမီး ခွဲခြားဆက်ဆံခြင်းမရှိပါ။ လုပ်အားခ လည်းတန်းတူရကြပါသည်။

## (ဃ) ကျား-မအခန်းကဏ္ဍ # ၂ (ပင့်ကူအိမ်ပုံစံ)



စောလုံကျေးရွာတွင် အမျိုးသမီးများသည် ကလေးထိန်းခြင်း နှင့် အိမ်မှုကိစ္စတို့တွင်သာ အချိန်ကုန် နေကြသည်။အမျိုးသားများသည် အိမ်မှုကိစ္စတွင် အမျိုးသမီးများအားမကူညီ နိုင်ကြခြင်းမှာ အိမ်ထောင်စုတွင် ၄င်းတို့သာ စားဝတ်နေရေး ကိုဖြေရှင်းရန် ဝင်ငွေရှာနေရသောကြောင့်ဖြစ်သည်။လူမှုရေးလုပ်ငန်းများတွင်မူ အမျိုးသား ၊ အမျိုးသမီးခွဲခြား ခြင်းမရှိဘဲ အတူတူလုပ်ကိုင်ဆောင်ရွက်ကြပါသည်။ စီမံခန့်ခွဲမှုတွင် အမျိုးသား

များအား အိမ်ထောင်ဦးစီးအရာထားသဖြင့် စီမံခန့်ခွဲစေသောကြောင့် အမျိုးသမီးများထက် အနည်းငယ် အားသာပါသည်။ကျန်းမာရေးအသိပညာလက်လှမ်းမီမှု တွင်မူ အမျိုးသမီးများသည် မိမိတို့၏ ရင်သွေးငယ်များကို အနီးကပ်စောင့်ရှောက်ရသောကြောင့် တစ်ကြောင်း၊ကျန်းမာရေးဟောပြောပွဲများတွင် အမျိုးသမီးများပိုမို တက်ရောက်ခွင့် ရသောကြောင့် အမျိုးသမီးများက ပို၍ အားသာသည်။

သို့သော် ဝင်ငွေဘက်တွင် အမျိုးသားများကပို၍ရှာဖွေနိုင်သည်။ အကြောင်းမှာမူ အမျိုးသားများသည် အိမ်တွင်ရှိနေသောအချိန်ပိုနည်းကာ အိမ်ထောင့်တာဝန်ကို အမျိုးသမီးများထက် ပိုကာထမ်းရွက်ကြရသော ကြောင့်ဖြစ်သည်။


## (c) ရာသီခွင်ပြဇယား



ရာသီခွင်ပြဇယား မှသုံးသပ်ချက်အရ စောလုံကျေးရွာ၏ ရာသီဥတုအခြေအနေမှာ အပူအအေးမျှတ သော်လည်း မိုးအနည်းငယ်နည်းသောဒေသဖြစ်သည်။ကဆုန် လ နှင့် နယုန်လတို့တွင် တောင်ယာ ဝင်ချိန် စိုက်ပျိုးချိန်များဖြစ်သဖြင့် အလုပ်များကြသည်။ဝါဆိုလ ၊ သီတင်းကျွတ်လ ၊ တန်ဆောင်မုန်းလ တို့သည် ပွဲတော် ကျင်းပသော လများဖြစ်သည်။ဝါဆို ၊ဝါခေါင်ကဲ့သို့သော မိုးရာသီ ကာလများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ နှင့် နာစေးခြင်းနှင့်ဖျားနာခြင်းများ ဖြစ်တတ်ကြသည်။ တပို့တွဲလ၊ တပေါင်းလ၊တန်ခူးလတို့သည်လုပ်ငန်း အားလပ်ချိန်များဖြစ်သည်။ တော်သလင်းလ၊ သတင်းကျွတ်လတို့တွင် သီးနှံရိတ်သိမ်းသော


လများဖြစ်သဖြင့်ဝင်ငွေ များသောလများဖြစ်သည်။ ကျေးရွာတွင် အလုပ်အကိုင်ရှားပါးသဖြင့် အိမ်ထောင်စု များ၏ တစ်နှစ်တာဝင်ငွေ နှင့် ထွက်ငွေ မျှတမှုမရှိပါ။


## (စ) အဖွဲ့အစည်းဆိုင်ရာ အကဲဖြတ်ချက်နှင့် ဗင်းကားချပ်




စောလုံကျေးရွာ ၏ အဖွဲ့အစည်း ချိတ်ဆက်ပုံအရ ကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာလူငယ်အဖွဲ့၊ကျေးလက်ဦးစီး၊ကျန်းမာရေး ရန်ပုံငွေအဖွဲ့၊မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၊ နယ်လှည့်ကျန်းမာရေး အဖွဲ့၊မိုင်းရှင်းလင်းရေး အဖွဲ့၊မြစိမ်းရောင်အဖွဲ့ ၊ပက်မြန်မာ အဖွဲ့၊အမျိုးသမီး စွမ်းအားမြှင့်အဖွဲ့၊ဂရုဏာအဖွဲ့ ၊KNPP၊KNWO၊KSPPN နှင့် KNPP အဖွဲ့များနှင့် ချိတ်ဆက်မှုရှိပါသည်။ ထိုအဖွဲ့များထဲတွင် ကျေးရွာအုပ်ချုပ်ရေး အဖွဲ့သည် ကျေးရွာ၏လုံခြုံရေးနှင့်အခြားရပ်ရေးရွာရေး ကိစ္စများကို ဆောင်ရွက် နေပါသည်။ ကျေးရွာလူငယ်အဖွဲ့သည် ကျေးရွာ သာရေးနာရေး နှင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ကြပါသည်။အခြား ပြင်ပအဖွဲ့အစည်းအသီးသီး တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ၎င်းတို့ ဆိုင်ရာ ဆိုင်ရာ လုပ်ငန်းများကို ကျေးရွာ အကျိုးအတွက် ဆောင်ရွက်ပေးကြပါသည်။


## (ဆ) အခက်အခဲများနှင့်ပြဿနာများ






စောလုံကျေးရွာသည် ဘောလခဲမြို့ နှင့် အနည်းငယ်အလှမ်းဝေးသောမြို့ဖြစ်ပြီးရွာမှ မြို့သို့သွားရာလမ်းသည်လမ်းခရီးကြမ်းသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင်နှောင့်နှေးကျန့်ကြာရသည်။ ကျေးရွာလူငယ်များအတွက် အားကစားပြုလုပ်သည့်နေရာ မရှိသောကြောင့်ကျေးရွာလူငယ်များအတွက် အားကစားလုပ်ရန်အဆင်မပြေပါ။ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းရှိသော်လည်း ကျန်းမာရေးဝန်ထမ်းမလုံလောက်သည့်အပြင် ကျန်းမာရေးဝန်ထမ်းသည်လည်းကျေးရွာတွင် အချိန်ပြည့်မရှိပါ။ ပညာရေးဝန်ထမ်းများ အတွက်လည်းဝန်ထမ်းအိမ်ရာ မရှိသဖြင့်ကျေးရွာတွင်းတွင်သာ အဆင်ပြေသလိုနေထိုင်ကြရသည်။ အစည်းအဝေး ဆွေးနွေးပွဲများပြုလုပ်ရာနေရာမရှိသဖြင့် အစည်းအဝေးပွဲများလုပ်သည့်အခါ ကျေးရွာဘုန်းကြီးကျောင်းတွင် ပြုလုပ်ရသည်။ စိုက်ပျိုးရေးနည်းပညာလက်လှမ်းမမီသဖြင့်ကျေးရွာတွင် သီးနှံမထွက်နှုန်းမှာ ရသင့်သလောက်မရပါ။ အခြားကျေးရွာများသို့ သွားရာလမ်းပန်းဆက်သွယ်ရေး မကောင်းသဖြင့် တစ်ရွာနှင့်တစ်ရွာ သွားလာရ ခက်ခဲသည်။ ကျေးရွာရှိရေထွက်ပေါက်မှ စီးရာမြောင်းငယ်သည် မိုးကျချိန်မှစ၍ရေတဖြည်းဖြည်းခန်းသွား သည်မှာစောလုံကျေးရွာ၏ ထူးခြားဖြစ်စဉ်ဖြစ်သည်။ ထို့ကြောင့်မိုးတွင်းရာသီတွင် စောလုံကျေးရွာသည် သောက်သုံးရေမလုံလောက်သဖြင့် ကျေးရွာနှင့်ဝေးသောရေထွက်ချောင်းသို့ ရေသွားခပ်ကြရသည်။ ကျေးရွာတွင်းလမ်းများသည်လည်း မြေသားလမ်းသာဖြစ်သဖြင့် မိုးရာသီတွင်သွားလာရေးခက်ခဲပါသည်။ လမ်းမီးမရှိသဖြင့် ညအချိန်တွင်ကျေးရွာအတွင်း သွားရေးလာရေးခက်ခဲသည်။ကျေးရွာတွင် အခြားသောအလုပ်အကိုင် အခွင့်အလမ်းများရှားပါးသဖြင့် အိမ်ထောင်စုများတွင် ငွေကြေးမလုံလောက်သောကြောင့် စီးပွားရေး၊ ပညာရေး နှင့် ကျန်းမာရေးစသည့်တို့တွင်အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ကြရသည်။

## (၈) မျှော်မှန်းချက်








စောလုံကျေးရွာ၏ နောင်လာမည့် (၅)နှစ်တာကာလအတွင်း မျှော်မှန်းချက်များမှာကျေးရွာတွင် ကောင်းမွန်သောလမ်း ၊ တံတားငယ်များ ရှိလာရန် မျှော်မှန်းထားကြပါသည်။သောက်သုံးရေ ၊စိုက်ပျိုးရေ ဖူလုံ၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော သွားလာရလွယ်ကူသောကျေးရွာ ဖြစ်လာစေရန်မျှော်မှန်းကြပါသည်။

ဆက်သွယ်ရေး (ဖုန်းလိုင်း) ကောင်းစွာရ၍ အစည်းအဝေး ကျင်းပရာနေရာကျေးရွာခန်းမဆောင် ရှိလာစေရန် ကျေးရွာအုပ်စုတွင် အုပ်စုအားကစားကွင်း ဖြစ်လာစေရန်လိုလားကြပါသည်။ကျေးလက်ဆေးပေးခန်းတွင်လည်း အမြဲတစေ တာဝန်ထမ်းဆောင်သော ကျန်းမာရေးဝန်ထမ်း နှင့် လုံလောက်သောဆေးဝါးများ ထားရှိပေးစေ လိုပါသည်။ထိုသို့ အဘက်ဘက်မှ ပြည့်စုံလာပါကစောလုံကျေးရွာသည်နောင်လာမည့် (၅)နှစ်တွင် အတော် အတန်ဖွံ့ဖြိုးသော ကျေးရွာဖြစ်လာမည်ဖြစ်သည်။

## (ဈ) ဦးစားပေးလုပ်ငန်းများ ရွေးချယ်ဆုံးဖြတ်ခြင်း





စောလုံကျေးရွာတွင် ဦးစားပေးလုပ်ငန်းများကို ရွေးချယ်ဆွေးနွေးကြရာ ပထမဦးစားပေး လုပ်ငန်းအဖြစ် ရေထွက်အားကောင်းသော ရေထွက်ပေါက်မှ ကျေးရွာသို့ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းကို အမျိုးသား အမျိုးသမီးများ တစ်ရွာလုံး မှ မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ကြသည်။ ထိုသို့ရွေးချယ်ရခြင်း မှာ စောလုံကျေးရွာ တွင် မိုးဦးစကျချိန်မှ စ၍ ယခုလက်ရှိသုံးနေသောရေသည် တဖြည်းဖြည်းခန်းသွားခြင်းကြောင့်ဖြစ်သည်။ရေခန်းသည့် ကာလမှာ မိုးဦးရာသီ မှဆောင်းအကုန်ကာလ အထိဖြစ်သည်။ ကျေးရွာတွင်ညရေးညတာ သွားလာရေးလွယ်ကူ စေရန်အတွက် လျှပ်စစ်မီး တစ်ရွာလုံးလင်းထိန်စေရေးလုပ်ငန်းကိုအမျိုး သမီးများမှ ဦးစားပေး(၂) အဖြစ်ရွေး ချယ်သတ်မှတ်ခဲ့ကြသည်။

ကျေးရွာတွင်းလမ်းသည် မြေသားလမ်းသာဖြစ်သဖြင့် မိုးရာသီတွင်သွားလာရခက်ခဲသဖြင့် ရွာတွင်းလမ်း ပြုပြင်ခြင်း လုပ်ငန်းကိုအမျိုးသားအမျိုးသမီးတို့မှ ဦးစားပေးလုပ်ငန်း(၃)အဖြစ်ရွေးချယ်ခဲ့သည်။ ကျေးရွာမူလ တန်းကျောင်းဆောင်များသည် အတော်အတန်ပျက်စီးနေသဖြင့် ကျောင်းဆောင်ပြုပြင်တိုးချဲ့ခြင်း လုပ်ငန်းကို ဦးစားပေး (၄) အဖြစ် အမျိုးသား၊အမျိုးသမီးအားလုံးမှ မဲပေးစနစ်ဖြင့်စနစ်တကျ ရွေးချယ်ခဲ့ကြသည်။

ကျေးရွာလူငယ် လူရွယ်များ လမ်းမှား မရောက်စေဘဲ အားကစားဘက်တွင်အားသာစေရန်ရည်ရွယ်ကာ အမျိုးသားများမှ ဦးစားပေးလုပ်ငန်း (၅) အဖြစ် ရွေးချယ်ခဲ့ကြပါသည်။သို့မှသာ ကျေးရွာတွင် လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်း များ မျှမျှတတရရှိမည်ဖြစ်သည်။

## ၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ







## ကော်မတီများစာရင်း

| စဉ် | အမည် | ရာထူး(ကျေးရွာအဆင့်) | ရာထူး(အုပ်စုအဆင့်) |
|---|---|---|---|
| ၁ | ဦးကျော်သန်း(စောလုံ) | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဋ္ဌ | အုပ်စုဘဏ္ဍာဥက္ကဋ္ဌ |
| ၂ | ဒေါ်လှဝင်း(ပော်ခမ်း) | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဋ္ဌ | အုပ်စုစီထောက်ဥက္ကဋ္ဌ |
| ၃ | ဦးအောင်ဘ(ပော်ခမ်း) | ငွေစာရင်းကိုင် | အုပ်စုဘဏ္ဍာအဖွဲ့ဝင် |
| ၄ | ဒေါ်အေး(ပော်ခမ်း) | ဂယ်ယူရေးဆပ်ကော်မတီ | |
| ၅ | ဦးလှဖေ(စောလုံ) | ဂယ်ယူရေးဆပ်ကော်မတီ | |
| ၆ | ဒေါ်ခင်ခင်ဟန်(ပော်ခမ်း) | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၇ | ဦးပန်းစိန်(စောလုံ) | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၈ | ဦးဇော်ဇော်အောင်(ပော်ခမ်း) | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၉ | ဒေါ်ကြာဥ(စောလုံ) | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၁၀ | ဦးအောင်ဝင်း(ပော်ခမ်း) | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေး ကော်မတီ | အုပ်စုဝေဖန်အကြံပြုဥက္ကဋ္ဌ |
| ၁၁ | ဒေါ်ခိုင်သဇင်မင်း | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေး ကော်မတီ | |
| ၁၂ | ဦးသန်းမြင့်(ပော်ခမ်း) | စေတနာ့ဂန်ထမ်း | |
| ၁၃ | ဒေါ်အိစန္ဒာအောင်(ပော်ခမ်း) | ကျေးရွာကိုယ်စားလှယ် | |

## ၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာခေါင်းဆောင် အမည် ဦးခမ်းပန် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် ၀၉-၇၈၈၄၉၇၇၉၀ | | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်နန်းမိုးမိုးသူ |
| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် ဘောလခဲ | ကျေးရွာအုပ်စု ဘောလခဲ | ကျေးရွာ စောလုံ |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ကယား | ၁၂ | ဘာသာ (၁) ---ဗုဒ္ဓ----- | ၁၂ |
| လူမျိုးစု (၂) ---ရှမ်း--- | ၄ | ဘာသာ (၂) ---ဗုဒ္ဓ---- | ၄ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | ၁ | ဗုဒ္ဓ | ၁ |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၂၉ | ၃၃ |
| လူမျိုးစု (၁)-ကယား | ၂၂ | ၂၅ |
| လူမျိုးစု (၂)-ရှမ်း--- | ၅ | ၇ |
| လူမျိုးစု (၃)---------- | | |
| အခြား | ၂ | ၁ |
| အိမ်ထောင်ဦးစီး | ၁၅ | ၂ |

= ၆၂ ဦး

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| | | | | စေတီ | ☑ |
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | ဘုန်းကြီးကျောင်း | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☑ | ခရစ်ယာန်ကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ဗလီ | ☐ |
| အခြား | ☐ | အခြား | ☐ | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☑ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| …တ်ချက် နေထိုင် (၁) ဦး | | | မှတ်ချက် အရန်သားဖွားဆရာမ | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း　　ကတ္တရာလမ်း　　ကွန်ကရစ်လမ်း

မော်တော်ဆိုင်ကယ်လမ်း

**ကျောက်ခင်းလမ်း**　　**မြေသားလမ်း**　　လူသွားလမ်း　　အခြား

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်　　ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား?　　**ရှိပါသည်**/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၂၀၁၄/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ/မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် – ( ...ကျေးရွာ ) /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် –

ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား –

မိုးရာသီတွင်ကြာချိန် –

ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား –

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ – လေတိုက်ခြင်း

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ...

(၂) ...

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦး...

လက်မှတ် နေ့စွဲ ၂၇-၁-၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဒေါ်...

လက်မှတ် နေ့စွဲ ၂၇-၁-၂၀၁၇

# ၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)

လူထုဗဟိုပြု စီမံကိန်း စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၀.၁၀.၂၀၁၆

ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| ထမ်းဆောင်ရမည့်သူ။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နှင်း၊ ဇွဲဖြိုးသူ | | | |
| နေ့စွဲ ၂၇၊၁၊၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ ✓ စက်ဝန်း(၁) ▫ စက်ဝန်း(၂) ▫ စက်ဝန်း(၃) ▫ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖားဆောင်း | ကျေးရွာအုပ်စု ဓောလဲ | ကျေးရွာ ဓောလဲ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၆.၁.၁၇ | ၂၆.၁.၁၇ | ၁၆ | ၁၇ | ၃၃ | ရှမ်း-၁၀၊ ဗမာ-၁၇<br>ကယား-၅၊ ပအိုဝ်း-၁ |
| ၂။ ကျေးရွာရှိ ပြဿနာ ဦးစားပေးရွေးချယ်ခြင်း အစည်းအဝေး | ၂၇.၁.၁၇ | ၂၇.၁.၁၇ | ၂၁ | ၆ | ၂၇ | ယင်းတလဲ-၂၊ ဗမာ-၁၅<br>ကယား+၅၊ ရှမ်း-၅ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁.၂.၁၇ | ၁.၂.၁၇ | ၁၃ | ၉ | ၂၂ | ကယား-၁၈<br>ရှမ်း-၃၊ ဗမာ-၁ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၀.၂.၁၇ | ၁၀.၂.၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်ချက်ကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၄.၅.၁၇ | ၄.၅.၁၇ | ၈ | ၃ | ၁၁ | ကယား-၇<br>ရှမ်း-၄ |
| ၆။ စီမံကိန်းလုပ်ငန်းဆိုင်ရာစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၄.၅.၁၇ | ၄.၅.၁၇ | ၈ | ၃ | ၁၁ | ကယား-၇<br>ရှမ်း-၄ |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၄.၅.၁၇ | ၄.၅.၁၇ | ၈ | ၃ | ၁၁ | ကယား-၇<br>ရှမ်း-၄ |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၄.၅.၁၇ | ၄.၅.၁၇ | ၈ | ၃ | ၁၁ | ကျား - ၇ မ - ၄ |
| ၆.၃။ ဘဏ္ဍာရေးကျန်ကျမှု လျှာထားအစီအစဉ် ရေးဆွဲခြင်း | ၄.၅.၁၇ | ၄.၅.၁၇ | ၈ | ၃ | ၁၁ | ကျား - ၇ မ - ၄ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၄.၅.၁၇ | ၄.၅.၁၇ | ၈ | ၃ | ၁၁ | ကျား - ၇ မ - ၄ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | - |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | - |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | - |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | - |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | - |

# ၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နန်းမိုးမိုး၁၃

နေ့စွဲ ၂၇-၁-၂၀၁၇

စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄)

ပြည်နယ်/တိုင်း ကယား | မြို့နယ် ဘောလခဲ | ကျေးရွာအုပ်စု ဆောလဲ | ကျေးရွာ ဆောလဲ

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ဆေးဝါးများ ၊ ဝန်ဆောင်မှုများ ပြည့်စုံမှုမရှိခြင်း | ၁ | ဆေးဝါးများ၊ ဝန်ဆောင်မှုများ ပြည့်စုံမှုမရှိခြင်း |
| ၂ | ဝန်ထမ်းအိမ်ရာမရှိခြင်း | ၂ | ဝန်ထမ်းအိမ်ရာမရှိခြင်း |
| ၃ | ကျေးရွာခန်းမ မရှိခြင်း | ၃ | စိုက်ပျိုးရေးနည်းပညာ မရှိသဖြင့် ဝင်ငွေနည်းခြင်း |
| ၄ | လျှပ်စစ်မီး မရရှိခြင်း | ၄ | လျှပ်စစ်မီး မရရှိခြင်း |
| ၅ | ကျေးရွာဘောလုံးကွင်း မရှိခြင်း | ၅ | သောက်သုံးရေ မလုံလောက်ခြင်း |
| ၆ | သောက်သုံးရေ မလုံလောက်ခြင်း | ၆ | လမ်းမကောင်းသောကြောင့်သွားလာရခက်ခဲခြင်း |
| ၇ | လမ်းမကောင်းသောကြောင့်သွားလာရေး ခက်ခဲခြင်း | ၇ | အလုပ်အကိုင် အခွင့်အလမ်း မရှိခြင်း |
| ၈ | အလုပ်အကိုင်အခွင့်အလမ်းမရှိခြင်း | | |
| | | | |
| | | | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် | ၁ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် |
| ၂ | သောက်သုံးရေ လုံလောက်စွာရရှိစေရန် | ၂ | လျှပ်စစ်မီး ရရှိရန် |
| ၃ | ဆက်သွယ်ရေးလိုင်း ရရှိရန် | ၃ | သောက်သုံးရေ လုံလောက်စွာရရှိရန် |
| ၄ | ကျောင်းဆောင်များ ဆောက်လုပ်ပေးရန် မျှော်လင့်ခြင်း | ၄ | ဝန်ဆောင်မှုနှင့် ဆေးဝါးပြည့်စုံသော ဆေးပေးခန်း ရရှိရန် |
| ၅ | ကျေးရွာဘောလုံးကွင်း ရရှိရန် | ၅ | |
| ၆ | အစည်းအဝေးလုပ်ရန်နေရာ ခန်းမဆောင်ရရှိရန် | | |
| ၇ | ဝန်ဆောင်မှုနှင့်ဆေးဝါး ပြည့်စုံသော ဆေးခန်း ရရှိရန် | | |
| | | | |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရေစရင်းအမြစ်မှရေသွယ်တန်းခြင်း | အမျိုးသား + အမျိုးသမီး | | ၆၄ ဦး |
| ၂ | ခန်းမဆောင်တိုးချဲ့ဆောက်လုပ်ခြင်း | အမျိုးသား+ အမျိုးသမီး | | ၆၄ ဦး |
| ၃ | ကျေးရွာလမ်းပြုပြင်ခြင်း | အမျိုးသား +အမျိုးသမီး | | ၆၄ ဦး |
| ၄ | ကျောင်းဆောင်ပြုပြင်တည်ဆောက်ခြင်း | အမျိုးသား + အမျိုးသမီး | | ၆၄ ဦး |
| | | | | |
| ၅ | အုပ်စုဘောလုံးကွင်းတည်ဆောက်ခြင်း | အမျိုးသား | | ၂၆၅ ဦး |
| | | | | |
| | | | | |
| | | | | |
| | | | | |


ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၆ | ကျန်းမာရေးဝန်ထမ်းလုံလောက်စွာရရှိရန် | အမျိုးသား + အမျိုးသမီး | Health. |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ------------------------- လက်မှတ် ------------------------- နေ့စွဲ -------------------------

# ၁၁။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)



ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ် ပုံစံ (Form PC 4)

**လမ်းညွှန်ချက်။** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီတောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်မြမြိုင်


နေ့စွဲ ၁.၂.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) ☑စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄)

ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖာလော | ကျေးရွာအုပ်စု စောလုံ

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ / အမည်/အဖွဲ့ | စုစုပေါင်း |
| ပေါက်ခတ် | ရေကန် တူး၍ ပြုပြင်ခြင်း၊ ရေပိုက်သွယ်တန်းခြင်း | 10'x8'x6' | (၅၇ ဦး) ကျေးရွာသူ/သားများ အားလုံး | □ ကျား □ မ ☑ ကျား+မ | ၅၀၀၀၀၀၀ | | - | ၅၀၀၀၀၀၀ |
| စောလုံ | ရေထွက်ပေါက်မှ မြေပေ 500 ရေပိုက်သွယ်ခြင်း (ပြုပြင်) ရေစက် pump | 1500' | ကျေးရွာသူ/သား အားလုံး (၆၄ ဦး) | □ ကျား □ မ ☑ ကျား+မ | ၇၀၀၀၀၀၀ | | - | ၇၀၀၀၀၀၀ |
| လှုပ်ဝိုနီး | ရွာတွင်းကျောက်ချောလမ်း | 600' | ကျေးရွာသူ/သား အားလုံး (၁၀၄ ဦး) | □ ကျား □ မ ☑ ကျား+မ | ၈၀၀၀၀၀၀ | | - | ၈၀၀၀၀၀၀ |
| | | | | □ ကျား □ မ □ ကျား+မ | | | - | |
| | | | | □ ကျား □ မ □ ကျား+မ | | | - | |

ရာထူး ကျေးရွာအုပ်စု စီ/တောက်ကော်မတီ ဥက္ကဋ္ဌ   အမည် ဦး[illegible]   လက်မှတ် [illegible]   ရက်စွဲ ၁.၂.၂၀၁၇

## ၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)



ပထမအကြိမ် ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ - စောလုံ + ပေါက်ခမ်း

အုပ်စု - စောလုံ

နေရာ - ပေါက်ခမ်း ဘုန်းကြီးကျောင်း

ရက်စွဲ - ၂၆.၁.၂၀၁၇

အချိန် - နံနက် (၉:၀၀) နာရီ

| ဆွေးနွေးသူ | ဆွေးနွေးသည့် အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| ဦးခိုင်စိုးပိုင်<br>ဦးအေးချမ်း<br>ဒေါ်မူမိုင်<br>ဦးပိုလိန်<br>ဒေါ်နန်းမိုးမိုးသူ | - အမည်၊ ရာထူး၊ နေရပ် တို့ကို ရှင်းလင်းစွာမိတ်ဆက်ပြီး ကျေးရွာ (၂)ရွာပေါင်းလုပ်ရခြင်းမှာ စောလုံကျေးရွာတွင် အိမ်ခြေ (၂၀) မပြည့်သောကြောင့် ဟု ရှင်းပြသည်။ | |
| ဦးသိန်းကျော် | - ကျေးရွာဥက္ကဋ္ဌ မှ အဖွင့်အမှာစကား ပြောကြားသည်။ | |
| ဦးခိုင်စိုးပိုင် | - စီမံကိန်းမိတ်ဆက်<br>- လူထုဗဟိုပြု စီမံကိန်း (CDD) ဟုခေါ်<br>- ရန်ပုံငွေကို အုပ်စု လူဦးရေ အလိုက် ထောက်ပံ့ပုံကို ရှင်းပြ ဆွေးနွေးသည်။ | |
| ဦးအေးချမ်း | - စီမံကိန်းစက်ဝန်းကို အပိုင်းအလိုက်၊ တစ်ဆင့်ချင်း တစ်ဆင့်ပြီး တစ်ဆင့် လုပ်ဆောင်ချက်များကို ရှင်းပြဆွေးနွေးသည်။ | |
| ဒေါ်နန်းမိုးမိုးသူ | - စီမံကိန်း၌ တာဝန်ရှိသူ၏ တာဝန် နှင့် ဝတ္တရားများကို ရှင်းပြသည်။<br>- စေတနာ့ဝန်ထမ်းများ ရွေးချယ်ရန် တစ်ရွာလျှင် (၃)ဦး စီ အဆိုပြုပေပြီး ၄ · အမျိုးသား (၁)ဦး၊ အမျိုးသမီး (၁)ဦး ကိုရွေးချယ်ကြသည်· ၎င်းတို့မှာ -<br>၁။ ဦးသန်းမြင့် စေတနာ့ဝန်ထမ်း (ပေါက်ခမ်းကျေးရွာ) | |

| ဆွေးနွေးသူ | ဆွေးနွေးသည့်အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| | ၂) နန်းလှလှဦး တောနာ (တေလုံ) ဖြစ်သည်၊ | |
| ဦးစောချမ်း<br>ဒေါ်မိုးမိုးသူ | လူမှုဆန်းစစ်ခြင်း အစီအစဉ်·<br>၁- ကျေးရွာ အရင်းအမြစ်ပြမြေပုံ ရေးဆွဲခြင်းနှင့် ဆွေးနွေးခြင်း၊<br>၂- ဥစ္စာဓန ကြွယ်ဝမှုအဆင့် သတ်မှတ်ခြင်းနှင့် ဆွေးနွေးခြင်း<br>ကိုကျေးရွာလူထုနှင့်အတူ ဆွေးနွေးကြသည်။ | |
| ဦးဖိုးလဲနို<br>ဒေါ်နုမိုင် | ၃- ပိုင်ဆိုင်မှုများကို သုံးစွဲခြင်း၊ ထိန်းချုပ်ခြင်းများကို ဆွေးနွေးဆန်းစစ်သည်·<br>၄- ရာသီစက်ဝန်းပြ ပြက္ခဒိန် ရေးဆွဲခြင်း နှင့် ဆွေးနွေးသုံးသပ်ခြင်း | |
| ဦး[illegible]း၊ ဦးမိုင်<br>ဒေါ်ယုမိုင် | ၅- ပင့်ကူအိမ်သုံးသပ်ခြင်း နှင့် ဆွေးနွေးခြင်းကို အမျိုးသမီး၊ အမျိုးသား ခွဲ၍ ဆွေးနွေးစေပြီးမှ ပြန်လည်ပေါင်းချုပ်ကာ ဟာကွက်များကို ဆန်းစစ်ကြသည်· | |
| ဦးဖိုးလဲနို<br>ဦးစောချမ်း | ၆- ကျေးရွာနှင့် ချိတ်ဆက်သော အဖွဲ့အစည်းများကို ဗင်းပုံစံဖြင့် ချိတ်ဆက် ဆွေးနွေးကြသည်· | |
| ဦးအောင်ဝင်း | အပိတ် ကျေးရွာတွင် စကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်· | |

## ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး မှတ်တမ်း ;

ကျေးရွာ - စောလုံ + ဟော်ခမ်း

အုပ်စု - စောလုံ

နေရာ - ဟော်ခမ်း ဘုန်းကြီးကျောင်း

ရက်စွဲ - ၂၄.၁.၂၀၁၇ .

| ဆွေးနွေးသူ | ဆွေးနွေးသည့် အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| ဦးသိန်းကျော် | အဖွင့် အမှာစကား ပြောကြားခြင်း ။ | |
| ဦးစိုင်းစိုးမြင့် | -အခက်အခဲ ပြဿနာများကို ဖော်ထုတ် ဆွေးနွေးပြီး မိမိတို့ ကျေးရွာ အပေါ် ရောက်လာမည့် (၅) နှစ် အတွင်း မျှော်မှန်းထားသည့် မျှော်မှန်းချက်များကို ဖော်ထုတ်ကြသည် ။ ထို့နောက် ကျေးရွာ ဖွံ့ဖြိုးရေး အတွက် ပြုလုပ်ရမည့် အစီအစဉ် များ သတ်မှတ် ဆွေးနွေး ကြသည်။ | |
| ဦးစိုင်းစိုးမြင့် | စောလုံ ကျေးရွာ နှင့် ဟော်ခမ်း ကျေးရွာ တို့ အတွက် ဦးစားပေး ဖွံ့ဖြိုးရေး လုပ်ငန်း များကို အမျိုးသား / အမျိုးသမီး ခွဲကာ ဆွေးနွေးပြီး ကျေးရွာ အလိုက် အဆင့် အလိုက် ခွဲခြား သတ်မှတ် ကြသည် ။<br><br>စောလုံကျေးရွာ အတွက် အဆင့် အလိုက် ဦးစားပေး လုပ်ငန်းများမှာ -<br>(၁) ရေ အရင်း အမြစ်မှ ရေသွယ်တန်းခြင်း (ကျား + မ)<br>(၂) ခန်းမဆောင် တိုးချဲ့ ဆောက်လုပ် ခြင်း (ကျား + မ)<br>(၃) ကျေးရွာလမ်း ပြုပြင်ခြင်း (ကျား + မ)<br>(၄) ကျောင်းဆောင် ပြုပြင်တိုးချဲ့ခြင်း (ကျား + မ)<br>(၅) အုပ်စု ဘောလုံးကွင်း တည်ဆောက်ခြင်း (ကျား)<br>(၆) ကျန်းမာရေးဝန်ထမ်း လုံလောက်စွာ ရရှိ ရေး (ကျား + မ) | |

| နံ:သူ | ဆွေးနွေးသည့်အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| | တို့ဖြစ်သည်။<br>ဟော်ခမ်းကျေးရွာ၏ အဆင့်အလိုက်ဦးစားပေးလုပ်ငန်းများမှာ အောက်ပါတို့ဖြစ်သည်။<br>(၁) ရေရရှိမှုပြုပြင်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း (ကျား+မ)<br>(၂) ကျေးရွာလမ်းပြုပြင်ခြင်း (ကျား+မ)<br>(၃) ခန်းမဆောင်တိုးချဲ့လုပ်ငန်း (ကျား+မ)<br>(၄) ကျေးရွာတွင်းတံတားပြုပြင်ခြင်း (ကျား+မ)<br>(၅) ကျေးရွာစာတိုက်တည်ဆောက်ခြင်း (ကျား+မ)<br>(၆) အုပ်စုဘောလုံးကွင်း တည်ဆောက်ခြင်း (ကျား)<br>တို့ဖြစ်သည်။ | |
| ဦးစိုင်းစိုးဝိုင်း။ | လူထုဗဟိုပြုစီမံကိန်းတွင် အကျုံးဝင်သောလုပ်ငန်းခွဲများနှင့် အကျုံးမဝင်သောလုပ်ငန်းများနှင့် ပထမဦးဆုံးနှစ်တွင် အကျုံးဝင်သောလုပ်ငန်းခွဲများကိုရှင်းလင်းတင်ပြသည်။ | |
| ဦးစိုင်းစိုးဝိုင်း | စီမံကိန်း၏ ဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များ၊ လူမှုရေးဆိုင်ရာ / ပတ်ဝန်းကျင်ဆိုင်ရာထားရှိရမည့်အကာအကွယ်များကို ရှင်းပြပြီး ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့ကို လျှို့ဝှက်မဲစနစ်ဖြင့်တစ်ရွာလျှင် (၂)ဦးစီ အဆိုပြုစေပြီးမှ ရွေးချယ်ခဲ့သည်။ ရွေးချယ်ထားသော ကျေးရွာစီထောက်အဖွဲ့ဝင်များမှာ အောက်ပါတို့ဖြစ်သည်။<br>**ကျေးရွာစီထောက်အဖွဲ့ဝင်များ**<br>(၁) ဦးကျော်သန်း စီထောက်ဥက္ကဋ္ဌ<br>(၂) ဒေါ်လှဝင်း ။ | |

| စဉ် | ဆွေးနွေးသည့် အကြောင်းအရာ | | မှတ်ချက် |
|---|---|---|---|
| | (၃) ဦးအောင်ဘ | ငွေစာရင်းကိုင် | |
| | (၄) ဦးသန်းမြင့် | ဆောက်ရာ၊ ဝန်ထမ်း | |
| | (၅) ဒေါ်လှဦး | " | |
| | (၆) ဦးပန်းခိုင် | စောင့်ကြည့်ကြီးကြပ်ရေး | |
| | (၇) ဒေါ်ခင်ခင်ဟန် | " | |
| | (၈) ဦးအောင်ဝင်း | ဝေဖန်အကြံပြု | |
| | (၉) ဒေါ်နွယ်မိုးဖြူ | " | |
| | (၁၀) ဦးလှမေ | ဝယ်ယူရေး | |
| | (၁၁) ဒေါ်အေး | " | |
| | (၁၂) ဦးကျော်ကျော်အောင် | လည်ပတ်ထိန်းသိမ်းရေး | |
| | (၁၃) ဒေါ်ကြာဦ | " | |
| | (၁၄) ဒေါ်လှရွှေ (သို့) ဒေါ်စိုးနွဲ့အောင် | ကျေးရွာကိုယ်စားလှယ် | |
| | (၁၅) ဦးသိန်းကျော် | အကြံပေးပုဂ္ဂိုလ် | |
| | (၁၆) ဦးခမ်းပန် | အကြံပေးပုဂ္ဂိုလ် | |

ကော်မတီဝင်များရွေးချယ်ပြီးနောက် ကော်မတီဝင်များ၏ တာဝန်|ဝတ္တရားများကို လိုက်နာရမည့် ကျင့်ဝတ်များ စာရွက်မှ သေချာ ဖတ်ရန် ပြောပြီး (၂)ရွက်စီ လက်မှတ်ထိုးခဲ့သည် ။

ထို့နောက် ဦးသိန်းကျော် မှ ကျေးဇူးတင်စကား ပြောကြားပြီး အစည်းအဝေး ကို ရုတ်သိမ်း လိုက် သည်.

# ၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ(ပုံများထပ်မံဖြည့်ရန်)

ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ လမ်း/တံတား | ၁ | ခန်းမဆောင်တိုးချဲ့ခြင်း | ကျား+မ | Jan/17 | ကျေးရွာလူထု | |
| | ၂ | ကျေးရွာတွင်းလမ်းပြုပြင် | ကျား+မ | Jan/17 | ကျေးရွာလူထု | |
| | ၃ | [illegible] | ကျား | Jan/17 | ကျေးရွာလူထု | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| အသက်မွေးဝမ်းကျောင်း စိုက်ပျိုးရေး | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| [illegible] | ၁ | [illegible] | ကျား+မ | Jan/17 | ကျေးရွာလူထု | |
| | ၂ | ကျန်းမာရေး [illegible] | ကျား+မ | Jan/17 | ကျေးရွာလူထု | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| [illegible] | ၁ | [illegible] | ကျား+မ | Jan/17 | ကျေးရွာလူထု | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| အခြား | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |